# နအဖ၏ အမျိုးသားညီလာခံ

၅/၅/၂၀၀၄

နအဖ စစ်အုပ်စုသည် နိုင်ငံတော်၏ အချုပ်အချာအာဏာကို လက်နက်အားကိုးဖြင့် မိမိတို့လက်ဝယ် မတရားဆုပ်နယ်ပြီး နှစ်ပေါင်းများစွာ တိုင်းသူပြည်သားများအပေါ် ဖိနှိပ်ချုပ်ချယ်လာခဲ့ကြသည်ကို ပြည်သူ့ခံစားချက်၊ ကမ္ဘာအသိပင်ဖြစ်သည်။

နိုင်ငံတော်ကို ထိန်းသိမ်းလိုက်ရသည်ဟူသော အမည်တပ်ကာ ပြည်သူ့ထံမှအာဏာကို လက်နက်ဖြင့်အရယူလိုက်သည့်နေ့မှစ၍ စစ်ခေါင်းဆောင်များသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်လျက်ရှိသော မြန်မာနိုင်ငံအပေါ် သူတို့၏ နိုင်ငံရေးမူ **(Policy)** တရပ်ကို စနစ်တကျ ချမှတ်၍ စစ်အာဏာရှင်သက်တမ်း ပို၍ ရှည်လျားခိုင်မြဲလာအောင် အားခဲလာကြပေသည်။ တိုင်းသူပြည်သားများ၏ ကာယ၊ ဉာဏ နှင့်ဆိုင်သော စိတ်ဓါတ်ပိုင်းဆိုင်ရာများကို ခြောက်လှန့်၊ ဖိနှိပ်၊ ညှင်းပန်း ခြင်းတည်းဟူသော မတရားဥပဒေများဖြင့် ပြည်သူများ၏ စာရိတ္တ စွမ်းပကားများကို သိမ်ဖျင်းသွားအောင်ငှင်း၊ လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး လူ့အခွင့်အရေးများကိုငှင်း စစ်အာဏာရှင်များက ရိုက်ချိုးခဲ့ကြပေသည်။ ဤသည်ပင်လျှင် စစ်အာဏာရှင်များ၏ ပြည်သူ၊ ပြည်သား တိုင်းရင်းသားများအပေါ် နာလံမထူနိုင်အောင် ချမှတ်လိုက်သော အဓိကမူတရပ်ဖြစ်သည်။ "ပြည်သူများဆင်းရဲတွင်းနက်လေလေ စစ်အာဏာရှင်စံနစ် ပို၍ခိုင်မြဲမြဲလေလေ" ကို သူတို့ယုံကြည်၏။

ယခုနိုင်ငံတော်သည် ပြိုလဲတော့မည့်အခြေအနေကို ရောက်ရှိ၍လာပြီးမှ နိုင်ငံတကာ၏ဖိအားပေးမှုများအပေါ်မှာ စစ်ခေါင်းဆောင် များသည် မစဉ်းစား၍ရနိုင်လိမ့်အုံးမည်လား။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အဖက်ဖက်မှ ချွတ်ခြုံကျလာ သော "ဆင်သေ" နှင့်တူသော နိုင်ငံတော်ကို ဝန်ကြီးချုပ်တဖြစ်လဲ ဗိုလ်ချုပ်ခင်ညွန့်တင်ပြလာသော အချက် (၇) ချက်ပါ နိုင်ငံရေးလမ်းညွှန်ချက် (**Road Map** ) "ဆိတ်သားရေ" ဖြင့် ဖုံးအုပ်၍လုံခြုံရန် ကြိုးစားလာကြသည်။

မည်သို့ပင်ဆိုစေ စစ်မှန်သော အမျိုးသားညီလာခံတရပ်ဖြစ်ပေါ်လာစေရန် ပြည်သူတရပ်လုံး ယုံကြည်၊ စိတ်ချ၊ အားကိုးလောက်သော လုပ်ဆောင်ချက်များဖြင့် ပြုလုပ်သင့်ပေသည်။ သို့သော် လာမည့်အမျိုးသားညီလာခံသည် နအဖ စစ်ခေါင်းဆောင်များ၏ အလိုကျအတိုင်းသာဖြစ်ပေသည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြင့် ညီလာခံဖြစ်မြောက်အောင် အကောင်အထည်မဖေါ်ခြင်း၊ ညီလာခံကိုယ်စားလှယ်ဖိတ်ခေါ်ခြင်းနှင့်ပတ်သက်၍ မိမိတို့ကြိုက်နှစ်သက်ရာ သင့်တော်သလိုသတ်မှတ်၍ နိုင်ငံရေးပါတီအသီးသီးကို ကိုယ်စားမပြုခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားကိုယ်စားပြု နိုင်ငံရေးပါတီအသီးသီးကို လွတ်လပ်စွာ နိုင်ငံရေးစည်းရုံးပိုင်ခွင့်၊ ဟောပြောပိုင်ခွင့်မရှိခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိခြင်း စသည့်အချက်များသည် စစ်မှန်သော အမျိုးသားညီလာခံတရပ် မည်ကဲ့သို့သောဖြစ်ပေါ်လာနိုင်မည်နည်း။ နအဖ စစ်အုပ်စု၏ အာဏာသက်ဆိုးရှည်လာစေမည့် နိုင်ငံရေးလှည့်ကွက်တမျိုးကို တိုင်းပြည်နှင့် နိုင်ငံတကာအပေါ်မှာ ကစား ပြလိုက်ရုံမျှသာဖြစ်ပေမည်။ မြန်မာနိုင်ငံကို ခေတ်မှီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဖေါ်ထုတ်မည်ဆိုသည့် နအဖ၏နိုင်ငံရေးလမ်းညွှန်ချက်ဖြင့် အမျိုးသားညီလာခံအပေါ် ရခိုင်ပြည်သူ၊ သား တရပ်လုံးကို ကိုယ်စားပြုလျှက် အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသော ALP (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ) မှ လုံးဝအယုံအကြည်ကင်းမဲ့ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)